**Chin Defense Force-Kanpetlet**

# ထုတ်ပြန်ကြေငြာခြင်း

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁၆)ရက်

Chin Defense Force-Kanpetlet သည် အကြမ်းဖက်စစ်အာဏာရှင်၏ မတရားအာဏာသိမ်းမှုကို လက်မခံဘဲ ဖေဖော်ဝါရီလမှ စတင်၍ ဆန္ဒထုတ်ဖော်ခြင်း၊ ပြည်သူ့ဝန်ထမ်း များ CDM ပြုလုပ်ကာ အကြမ်းမဖက်အာဏာဖီဆန်ခြင်း၊ မြို့နယ်ပြည်သူ့လုံခြုံရေးဖွဲ့စည်းခြင်းဖြင့် စတင်ကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရင်း အကြမ်းဖက်စစ်အာဏာရှင်နှင့် ထိတွေ့တိုက်ပွဲပေါင်းများစွာကို ရင်ဆိုင်တိုက်ပွဲဝင်လာသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဖြစ်သည်။

ထို့ကြောင့် ကန်ပက်လက်မြို့နယ် ဒေသအခြေအနေအရပ်ရပ်သုံးသပ်ပြီး ပြည်သူတစ်ရပ်လုံး ပါဝင်နိုင်ရေးအတွက် အောက်ပါတပ်ရင်းများကို **CDF-Kanpetlet** ၏ တပ်ရင်းတပ်ဖွဲ့များအဖြစ် ဖွဲ့စည်းသတ်မှတ်ခဲ့ကြသည်။

တပ်ရင်း – ၁ (Victoria)
တပ်ရင်း – ၂ (Vakok)
တပ်ရင်း – ၃ (Tumee)
တပ်ရင်း – ၄ (Kkei Shing)
တပ်ရင်း – ၅ (Khonu)
တပ်ရင်း – ၆ (Mahuya)
တပ်ရင်း – ၇ (ဝံပုလွေ)

အထက်ပါ တပ်ရင်း(၇)ရင်းသည် CDF-Kanpetlet ၏ တရားဝင်အတည်ပြုထားပြီးဖြစ်သော တပ်ရင်းများဖြစ်သည်။ လတ်တလောနိုင်ငံရေးအခက်အခဲများကြောင့် မိမိတို့ CDF-Kanpetlet ကို အဖက်ဖက်မှကူညီဝန်းရံပေးနေသော ပြည်တွင်းပြည်ပရှိ မိဘညီအစ်ကိုမောင်နှမများအနေဖြင့် ပိုမိုထိရောက်စွာ ပူးပေါင်းချိတ်ဆက်နိုင်ရေးအတွက် အသိပေးဖော်ပြခြင်းဖြစ်ပြီး အခြား(တပ်ရင်း) အမည်နာမတစ်ခုခုဖြင့်ဖြစ်စေ၊ လူပုဂ္ဂိုလ်အနေဖြင့်ဖြစ်စေ ချိတ်ဆက်အကူအညီတောင်းခံခြင်းများရှိလာပါက မိမိတို့CDF-Kanpetlet နှင့် မသက်ဆိုင်ကြောင်း၊ လက်ခံမည်မဟုတ်ကြောင်း ကြေငြာချက် ထုတ်ပြန်လိုက်သည်။

Chin Defense Force –Kanpetlet

Chin Defense Force